**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**ကုသရေးဦးစီးဌာန**

**မြန်မာနိုင်ငံ COVID-19 ကူးစက်ရောဂါအရေးပေါ် တုံ့ပြန်ရေး စီမံချက် (P173902)**

**(မူကြမ်း)**

# ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်အစီအစဉ် (ESCP)

DRAFT

**(မတ်လ ၃၁ ရက်၊ ၂၀၂၀)**

# ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာကတိကဝတ်အစီအစဉ်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ (နောက်ပိုင်းတွင် ချေးငွေရယူသူအဖြစ်သာ ရည်ညွှန်းဖော်ပြပါမည်။) သည် မြန်မာနိုင်ငံအတွင်း COVID–19 ကူးစက်ရောဂါ အရေးပေါ်တုံ့ပြန်ရေး စီမံချက် (ဤ စီမံချက်)ကို အောက်ပါဝန်ကြီးဌာနများ / အဖွဲ့အစည်းများ / ဌာနခွဲ (Units)များ – ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန (MOHS)၊ ကုသရေးဦးစီးဌာန ပါဝင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ IDA (နောက်ပိုင်းတွင် အဖွဲ့အစည်းအဖြစ်သာ ရည်ညွှန်းဖော်ပြပါမည်။) သည် COVID–19 ရောဂါဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး မဟာဗျူဟာ အစီအစဉ် (SPRP) မှတဆင့် ဤ စီမံချက် အတွက် ဘဏ္ဍာရေးပံ့ပိုးဖြည့်ဆည်းရန် သဘောတူညီပြီး ဖြစ်ပါသည်။

၂။ ဤ စီမံချက် အနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စံသတ်မှတ်ချက်များ (ESSs) နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် ချေးငွေရယူသူသည် အဓိကကျသည့် လက်တွေ့လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ဤပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်အစီအစဉ်တွင် အဓိကကျသည့် လက်တွေ့ လုပ်ငန်းအစီအမံများနှင့် အသေးစိတ်စာရွက်စာတမ်းများ (သို့) အစီအစဉ်များ နှင့် လုပ်ငန်း အစီအမံတစ်ခုချင်းအတွက် အချိန်ဇယား သတ်မှတ်ချက်များကို ဖော်ပြထားပါသည်။

၃။ အချို့သော အသေးစိတ်လုပ်ငန်းအစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို အပိုဒ် (၁) တွင် ရည်ညွှန်းသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်း (သို့) ဌာနခွဲ (ယူနစ်)မှ အကောင်အထည်ဖော် ဆောင်ရွက်သည် ဆိုစေကာမူ ESCP ပါ သတ်မှတ်ချက်များအားလုံးနှင့် ကိုက်ညီစွာ လိုက်နာဆောင်ရွက်မှုရှိစေရန် ချေးငွေရယူသူမှသာ တာဝန်ယူရပါမည်။

၄။ ဤ ESCP အပါအဝင် တရားဝင်သဘောတူသတ်မှတ်ချက်များနှင့်အညီ ချေးငွေရယူသူသည် ဤ ESCP တွင် သတ်မှတ်ဖော်ပြထားသည့် အဓိကကျသည့် လက်တွေ့လုပ်ငန်းအစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လေ့လာ စောင့်ကြည့်၍ အဖွဲ့အစည်းသို့ အစီရင်ခံတင်ပြရမည်ဖြစ်ပြီး အဖွဲ့အစည်းသည် စီမံချက် အကောင်အထည်ဖော် ကာလတလျှောက် အဓိကကျသည့် လက်တွေ့လုပ်ငန်းအစီအမံများ တိုးတက်ဖြစ်ထွန်းမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လေ့လာစောင့်ကြည့် အကဲဖြတ်မှုများ လုပ်ဆောင်မည်ဖြစ်သည်။

DRAFT

၅။ ဤ ESCP အရ ဆောင်ရွက်သည့် စီမံချက် လုပ်ဆောင်ချက်များအပေါ် ဆန်းစစ်အကဲဖြတ်ချက်အရ (သို့) ကြိုတင်မျှော်မှန်းမထားသည့် အခြေအနေများအပါအဝင် လိုက်လျောညီထွေ ပြောင်းလဲနိုင်သည့် စီမံချက် စီမံခန့်ခွဲမှုဆိုင်ရာ အပြောင်းအလဲများအပေါ် ထင်ဟပ်မှုရှိစေရန် အဖွဲ့အစည်းနှင့် ချေးငွေရယူသူ အကြား သဘောတူညီချက်နှင့်အညီ စီမံချက် အကောင်အထည်ဖော်ကာလအတွင်း ဤ ESCP ကို အခါအားလျော်စွာ မွမ်းမံပြင်ဆင်နိုင်ပါသည်။ ယင်းအခြေအနေမျိုးတွင် ချေးငွေရယူသူ (သို့) ကိုယ်စားလှယ်(များ)သည် ပြောင်းလဲမှုများနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းနှင့် သဘောတူညီချက် ရယူပြီး အဆိုပါအပြောင်းအလဲများ ထင်ဟပ်မှုရှိစေရန် ESCP ကို မွမ်းမံပြင်ဆင်ရပါမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်(အဖွဲ့အစည်း) နှင့် ချေးငွေရယူသူ (သို့) ကိုယ်စားလှယ်(များ) အကြား သဘောတူ လက်မှတ်ရေးထိုးထားသည့် စာလွှာများ အပြန်အလှန်ပေးပို့၍ ESCP ဆိုင်ရာ ပြောင်းလဲမှုများနှင့် စပ်လျဉ်းသည့် သဘောတူညီချက်ကို မှတ်တမ်းတင်ရပါမည်။ ထို့နောက် ချေးငွေရယူသူ (သို့) ကိုယ်စားလှယ်(များ) သည် မွမ်းမံပြင်ဆင်ထားသည့် ESCP ကို အဆောတလျင် အသိပေးထုတ်ပြန်ရပါမည်။

၆။ စီမံချက် အကောင်အထည်ဖော်ကာလအတွင်း စီမံချက်ဆိုင်ရာအပြောင်းအလဲများ၊ မမျှော်မှန်းနိုင်သည့်အခြေအနေများ (သို့) စီမံချက်လုပ်ဆောင်ချက်များ၏ရလဒ်အဖြစ် ဆိုးကျိုးအလားအလာနှင့် သက်ရောက်မှုများအပေါ် အပြောင်းအလဲများရှိပါက အဆိုပါ ဆိုးကျိုးအလားအလာနှင့် သက်ရောက်မှုများအား ဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းအစီအမံများ အကောင်အထည်ဖော်ရန် ချေးငွေရယူသူသည် ထပ်ဆောင်းရန်ပုံငွေများကို လိုအပ်သလို ဖြည့်ဆည်းရပါမည်။

DRAFT

**COVID-19 ကူးစက်ရောဂါ အရေးပေါ်တုံ့ပြန်ရေး စီမံချက်အတွက် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်အစီအစဉ်**

| အဓိကကျသည့် လက်တွေ့ လုပ်ငန်းအစီအမံများ | အချိန်ဇယား | တာဝန်ရှိသည့်အဖွဲ့ အစည်း/အာဏာပိုင် အဖွဲ့အစည်း |
|---|---|---|
| **လေ့လာစောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း** | | |
| (က) ပုံမှန်အစီရင်ခံတင်ပြခြင်း။ ။ နီးနွယ်ဆက်စပ်သည့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းများ၊ အကျိုးထိခိုက်မှုဆိုင်ရာ မှတ်တမ်းများ (အခြား လိုအပ်ချက်များ) အပါအဝင် စီမံချက်၏ ပတ်ဝန်းကျင်၊ လူမှု၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး (ESHS) ဆိုင်ရာ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ ပုံမှန် စောင့်ကြည့်စစ်ဆေးရေး အစီရင်ခံစာများကို ရေးသားပြုစု၍ အဖွဲ့အစည်းထံသို့ တင်ပြရမည်။ | ချေးငွေရယူသူသည် စီမံချက် အကောင် အထည်ဖော် ကာလတလျှောက်တွင် လစဉ်၊ (၃)လပတ်နှင့် (၆)လတကြိမ် စောင့်ကြည့်စစ်ဆေးရေး အစီရင်ခံစာများ ဖြည့်ဆည်းတင်ပြရမည်။ | MOHS/စီမံချက် စီမံခန့်ခွဲမှုအဖွဲ့ |
| **ESS1 ။ ။ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ဆိုးကျိုးအလားအလာ/ သက်ရောက်မှုများ ဆန်းစစ် အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။** | | |
| ၁.၁။ အဖွဲ့အစည်းဆိုင်ရာဖွဲ့စည်းမှုပုံစံ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) သည် နီးနွယ်ဆက်စပ်သည့် အဖွဲ့အစည်းများ Stakeholder များနှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် နှင့် ESMF တွင် ပါဝင်သော LMP၊ HCWMP၊ SOP တို့နှင့်အတူ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲရေးမူဘောင် (ESMF) ရှိ ယေဘူယျသတ်မှတ်ချက်များ အပါအဝင် စီမံချက် ၏ ESHS ဆိုးကျိုးအလားအလာ | စီမံချက် စတင်အကျိုးသက် ရောက်သည့် အချိန်မှ ရက် ၃၀ အတွင်း MOHS သည် စီမံချက် ကာလတလျှောက် (SEP နှင့် ESMF အပါအဝင်) စီမံချက် E&S သတ်မှတ်ချက်များ အားလုံးနှင့် စပ်လျဉ်း၍ | MOHS/စီမံချက် စီမံခန့်ခွဲမှုအဖွဲ့ |

DRAFT

| | | |
|---|---|---|
| သက်ရောက်မှုများ၊ စီမံခန့်ခွဲရေး လုပ်ငန်းအပေါ် ပံ့ပိုးနိုင်ရန် အရည်အသွေးပြည့်ဝသည့် ဝန်ထမ်းများနှင့် အရင်းအမြစ်များပါဝင်သော စီမံချက် စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းသက်မှတ်၍ ထိန်းသိမ်းဆောင်ရွက်ရမည်။<br><br>စီမံချက် အစီအစဉ်တွင် ပါဝင်သည့် ဆေးရုံတိုင်း သည် ၎င်းတို့၏ သက်ဆိုင်ရာနေရာ/ အဆောက်အအုံ ရှိ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ကြီးကြပ်မှုများအား တာဝန်ယူလုပ်ဆောင်ရန် ဦးဆောင်မည့် နည်းပညာရှင်တစ်ဦးကို သတ်မှတ် တာဝန်ပေးရမည်။ | တာဝန်ယူ ကြီးကြပ် လုပ်ဆောင်နိုင်ရန် ဦးဆောင်နည်းပညာရှင်(များ) ပါဝင်သည့် စီမံချက်စီမံခန့်ခွဲမှုအဖွဲ့ကို ခန့်အပ် တာဝန်ပေးရပါမည်။<br><br>စီမံချက် အစီအစဉ်တွင် ပါဝင်သည့် ဆေးရုံတိုင်းသည် စီမံချက်အရ ငွေကြေးပံ့ပိုးသည့် ကိရိယာပစ္စည်း (သို့) အထောက်အပံ့များ လက်ခံရရှိမည့် အချိန်မတိုင်မီ ကြိုတင်၍ ဦးဆောင်နည်းပညာရှင် တစ်ဦးကို သတ်မှတ်တာဝန် ပေးရမည်။ | |
| ၁.၂။ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှု/ စီမံခန့်ခွဲရေးအစီအစဉ်များနှင့် လုပ်ငန်းစဉ် instruments များ/ ကန်ထရိုက်တာများ<br><br>(က) သက်ဆိုင်ရာအခြေအနေအမျိုးမျိုးကြောင့် အကျိုးထိခိုက်နစ်နာမှု (သို့) ထိခိုက်လွယ်မှု အခြေအနေရှိသော ပုဂ္ဂိုလ် (သို့) အစုအဖွဲ့များ အနေဖြင့် စီမံချက် ရလဒ်ဖြစ်သော ဖွံ့ဖြိုးရေး အကျိုးကျေးဇူးများ ခံစားရရှိနိုင်စေရေး ကြပ်မတ်ဆောင်ရွက်ရန် အပါအဝင် ချေးငွေသဘောတူညီချက်ပါ သတ်မှတ်ချက်များနှင့်အညီ စီမံချက်အတွက် ရေးဆွဲပြင်ဆင်သည့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲရေး | (က) စီမံချက် စတင် အကျိုး သက်ရောက်သည့် နေ့ရက်မှ ရက်၃၀အတွင်းနှင့် မြေပြင် လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်မှု မတိုင်မီ ESMF အတွက် ပြင်ဆင်ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုမီ ဆန်းစစ်အကဲဖြတ်မှုအား လုပ်ဆောင်ရန်။ | MOHS/စီမံချက် စီမံခန့်ခွဲမှုအဖွဲ့ |

DRAFT

| | | |
|---|---|---|
| မူဘောင် (ESMF) နှင့်အညီ အဆိုပြု စီမံချက်လုပ်ငန်းများ၏ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ဆိုးကျိုး အလားအလာ သက်ရောက်မှုများအပေါ် ဆန်းစစ်အကဲဖြတ် ခြင်း။<br><br>(ခ) ကမ္ဘာ့ဘဏ်မှ သဘောတူလက်ခံသည့် နည်းလမ်းအသုံးပြုသော နီးနွယ်ဆက်စပ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်မှုများ၊ ကူးစက်ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကဏ္ဍအမျိုးမျိုးနှင့် စပ်လျဉ်းသည့် WHO လမ်းညွှန်ချက်များ အပါအဝင် ESS, ESMF, EHSGs နှင့် အခြားဆက်နွယ်သည့် ကောင်းမွန်သော နိုင်ငံတကာစက်မှု/လုပ်ငန်း လုပ်နည်းလုပ်ဟန်များ (GIIP) နှင့်အညီ ဆန်းစစ်အကဲဖြတ်မှု လုပ်ငန်းစဉ်အပေါ် အခြေခံ၍ သက်ဆိုင်ရာ စီမံချက် လုပ်ငန်းများအတွက် လိုအပ်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲရေး အစီအစဉ်များ (သို့) အခြား လုပ်ငန်းစဉ် (instrument) များအရ ရေးဆွဲပြင်ဆင်ခြင်း၊ အသိပေးထုတ်ပြန်ခြင်း၊ ကျင့်သုံးဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ သက်ဆိုင်ရာ WHO သတင်းအချက်အလက်များကို ဤ<br>https://www.who.int/emergencies/diseases/novel-coronavirus-2019/technical-guidance/infection-prevention-and-control<br>https://www.wh.int/emergencies/diseases/novel-coronavirus-2019/technical-guidance/risk-communication-and-community-engagement | (ခ) သက်ဆိုင်ရာ စီမံချက် လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုမီနှင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလတလျှောက်လုပ်ဆောင်ရန်ဖြစ်သည်။ | |

DRAFT

| | | |
|---|---|---|
| (ဂ) အခြားလိုအပ်သည့်အရာများအပြင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲရေးအစီအစဉ်များ (သို့) အခြားလုပ်ငန်းစဉ် (instrument) များ၊ ESS2 သတ်မှတ်ချက်များနှင့် အခြားလိုအပ်သော ESHS အစီအမံများ အပါအဝင် ဤ ESCP ၏ သက်ဆိုင်ရာ ရှုထောင့်ကဏ္ဍများကို ကြီးကြပ်ရေးအဖွဲ့များ၊ ကန်ထရိုက်တာများနှင့် ချုပ်ဆိုသည့် ကန်ထရိုက်များ ဝယ်ယူဖြည့်ဆည်းရေး စာရွက်စာတမ်းများနှင့် စပ်လျဉ်းသည့် ESHS သတ်မှတ်ချက်များတွင် ထည့်သွင်းပေါင်းစပ်ရန်ဖြစ်သည်။ | (ဂ) သက်ဆိုင်ရာ စီမံချက် လုပ်ငန်းများ အတွက် ဝယ်ယူဖြည့်ဆည်းရေး လုပ်ငန်း မစတင်မီနှင့် ၎င်းလုပ်ငန်းများ ဆောင်ရွက်သည့် ကာလတလျှောက်တွင် လုပ်ဆောင် ရန် ဖြစ်သည်။ | |
| ၁.၃။ ရှောင်ကြဉ်ရမည့်လုပ်ငန်းများ ။ ။ အောက်ပါ လုပ်ဆောင်မှု အမျိုးအစားများသည် ဤစီမံချက်အရ ငွေကြေးပံ့ပိုးသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိပါ။<br>• မြေယာသိမ်းဆည်းရယူရန် လိုအပ်သော (သို့) ESS5 အရ သတ်မှတ်သည့် ဆန္ဒအလျောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားမှု ဆောင်ရွက်ရန် လိုအပ်သော၊ (သို့) ESS-8 အရ သတ်မှတ်သည့် ယဉ်ကျေးမှု အမွေအနှစ်များအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေသည့် လုပ်ဆောင်မှုများ။<br>• သက်ရှိမျိုးစိတ်များ ရှင်သန်နေထိုင်ရာ သဘာဝ အသိုက်အမြုံများအပေါ် ဆိုးကျိုး သက်ရောက်မှု ဖြစ်စေမည့် လုပ်ဆောင်မှုများ (အဓိကအားဖြင့် ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်း စွန့်ပစ်မှုနှင့် ဆက်နွယ်ပါသည်။)<br>• ESS-7 အရ လွတ်လပ်ပြီး ကြိုတင်အသိပေး ဆောင်ရွက်သည့် | လုပ်ငန်းစဉ် ၁.၂(က) အရ ဆောင်ရွက်သည့် ဆန်းစစ် အကဲဖြတ်မှု လုပ်ငန်းကာလအတွင်း လုပ်ဆောင်ရန်။ | MOHS/စီမံချက် စီမံခန့်ခွဲမှုအဖွဲ့ |

DRAFT

| | | |
|---|---|---|
| သဘောတူညီချက် (FPIC) လိုအပ်သည့် လုပ်ဆောင်မှုများ။<br>• စီမံချက်၏ ESMF တွင် ရှောင်ကြဉ်ရန် သတ်မှတ်ထားသည့် အခြားလုပ်ဆောင်မှုများ။<br>• သိသာကြီးမားသည့် လူမှုဆိုးကျိုးသက် ရောက်မှုများနှင့် လူမှုပဋိပက္ခ ဖြစ်စေနိုင်သည့် လုပ်ဆောင်မှုများ။ | | |
| **ESS 2။ ။အလုပ်သမားနှင့် လုပ်ငန်းခွင်အခြေအနေများ** | | |
| **၂.၁။အလုပ်သမားစီမံခန့်ခွဲမှု။** ။ စီမံချက်အနေဖြင့် အခြားလိုအပ်သည့် အရာများအပြင် ပြည့်စုံလုံလောက်မှုရှိသော လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးရန်ကင်းရှင်းရေး အစီအမံများ (အရေးပေါ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး အစီအမံများ အပါအဝင်) အကောင်အထည်ဖော်ခြင်း၊ စီမံချက် လုပ်သားများအတွက် နစ်နာမှု ဖြေရှင်းရေး အစီအစဉ်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ရေးအဖွဲ့များ၊ ကန်ထရိုက်တာများနှင့် ချုပ်ဆိုသည့် ကန်ထရိုက်များ၊ ဝယ်ယူဖြည့်ဆည်းရေးအတွက် စာရွက်စာတမ်းများနှင့် သက်ဆိုင်သည့် ESHS သတ်မှတ်ချက်များတွင် အလုပ်သမားဆိုင်ရာသတ်မှတ်ချက်များ ထည့်သွင်းပေါင်းစပ်ခြင်း စသည်တို့အပါအဝင် အဖွဲ့အစည်း အနေဖြင့် သဘောတူလက်ခံနိုင်သည့် နည်းလမ်းအရဖြစ်သော သက်ဆိုင်ရာ ESS-2 သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရပါမည်။ ချေးငွေရယူသူသည် အထက်ဖော်ပြပါ အသေးစိတ် အချက်အလက်များ သတ်မှတ် ပါဝင်သည့် စီမံချက်ဆိုင်ရာ LMP ကို ရေးဆွဲပြင်ဆင်ရမည်။ | ESMF တစိတ်တဒေသဖြစ်သည့် LMP ရေးဆွဲပြင်ဆင်ခြင်းကို စီမံချက် စတင်အကျိုးသက်ရောက်သည့်နေ့မှ ရက် ၃၀ အတွင်းနှင့် မြေပြင်လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်မှု မတိုင်မီ လုပ်ဆောင်ရန်ဖြစ်ပြီး ဆန်းစစ်အကဲဖြတ်မှု လုပ်ငန်းများကို သက်ဆိုင်ရာ စီမံချက်လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုမီ လုပ်ဆောင်ရန် ဖြစ်သည်။<br><br>LMP သတ်မှတ်ချက်များကို စီမံချက် အကောင်အ ထည်ဖော် လုပ်ငန်းကာလ တလျှောက်တွင် ဆောင်ရွက်ရပါမည်။ | MOHS/စီမံချက် စီမံခန့်ခွဲမှုအဖွဲ့ |

DRAFT

| |
|---|
| **ESS 3 ။ ။ အရင်းအမြစ် အကျိုးရှိ ထိရောက်မှု၊ ညစ်ညမ်းမှု ကာကွယ်တားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်း** |
| အခြားလိုအပ်သောအရာများအပြင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စွန့်ပစ်ပစ္စည်းများ၊ အခြား အန္တရာယ်ရှိသော/ အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းအမျိုးအစားများ စီမံခန့်ခွဲနိုင်မည့် အစီအမံများ အပါအဝင် အထက်ဖော်ပြပါအပိုဒ် ၁.၂ အရ လိုအပ်သော ဤစံသတ်မှတ်ချက်၏ သက်ဆိုင်ရာ ကဏ္ဍများကို သတ်မှတ်ရပါမည်။ ချေးငွေရယူသူသည် အဖွဲ့အစည်းမှ သဘောတူလက်ခံသည့် အခြေအနေနှင့်အညီ မွမ်းမံပြင်ဆင်ထားသော HCWMP ကို ရေးဆွဲအသုံးပြုရမည်ဖြစ်ပြီး ၎င်းကို စီမံကိန်းအကောင်အထည်ဖော် ကာလ တလျှောက်လုံးတွင် လိုအပ်သလို အသုံးပြုဆောင်ရွက်ရပါမည်။ |
| **ESS4 ။ ။ ရပ်ရွာပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးရန်ကင်းရှင်းမှု** |
| အခြားလိုအပ်ချက်များအပြင် ရပ်ရွာပြည်သူများအနေဖြင့် ကူးစက်ရောဂါများ ထိတွေ့ကူးစက်နိုင်မည့် အလားအလာအနည်းဆုံးအဆင့်သို့ လျော့ချနိုင်မည့် အစီအမံများ၊ သက်ဆိုင်ရာအခြေအနေ အမျိုးမျိုးကြောင့် အကျိုးထိခိုက်နစ်နာမှု (သို့) ထိခိုက်လွယ်မှုအခြေအနေရှိသော ပုဂ္ဂိုလ် (သို့) အစုအဖွဲ့များအနေဖြင့် စီမံချက်ရလဒ်ဖြစ်သော ဖွံ့ဖြိုးရေးအကျိုးကျေးဇူးများ ခံစားရရှိနိုင်စေရေး ကြပ်မတ်ဆောင်ရွက်နိုင်မည့် အစီအမံများ၊ လုံခြုံရေးဝန်ထမ်းအသုံးပြုမှုနှင့် ဆက်နွယ်သည့် ဆိုးကျိုးအလားအလာများ စီမံခန့်ခွဲရန် အစီအမံများ၊ လုပ်ငန်းခွင်နေရာဒေသသို့ အလုပ်သမားအများအပြား ဝင်ရောက်မှုနှင့် ဆက်နွယ်သည့် ဆိုးကျိုးအလားအလာများ စီမံခန့်ခွဲရန် အစီအမံများ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ မဖွယ်မရာပြုမှုနှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ ကာကွယ်တားဆီးရန်နှင့် တုံ့ပြန်ဖြေရှင်းရန် အစီအမံများ စသည်တို့ အပါအဝင် အထက်ပါအပိုဒ် ၁.၂ အရ ဤစံသတ်မှတ်၏ သက်ဆိုင်ရာ ရှုထောင့်ကဏ္ဍများကို လိုအပ်သလို သတ်မှတ် ဆောင်ရွက်ရမည်။ |
| **ESS 5 ။ ။ မြေယာသိမ်းဆည်းခြင်း၊ မြေယာအသုံးပြုမှုကန့်သတ်ခြင်းနှင့် ဆန္ဒအလျောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားမှု** |
| ဤစံသတ်မှတ်ချက်နှင့် ဆက်နွယ်၊ သက်ဆိုင်ခြင်း မရှိပါ။ |
| **ESS 6 ။ ။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သက်ရှိသဘာဝအရင်းအမြစ်များအား ရေရှည်တည်တံ့ကောင်းမွန်သော နည်းလမ်းဖြင့် စီမံခန့်ခွဲမှု** |
| အထက်ဖော်ပြပါအပိုဒ် ၁.၂ အရ ဤစံသတ်မှတ်ချက်၏ သက်ဆိုင်ရာရှုထောင့်/ကဏ္ဍများကို သတ်မှတ်ဆောင်ရွက်ရမည်။ ESMF/HCWMP တွင် ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုကြောင့် သက်ရှိမျိုးစိတ်များ ရှင်သန်နေထိုင်ရာ သဘာဝအသိုက်အမြုံနေရာများအပေါ် ဆိုးကျိုး |

DRAFT

| | | |
|---|---|---|
| သက်ရောက်မှုမရှိစေရန် စွန့်ပစ်နေရာ စီစစ်ရွေးချယ်ရေး အကဲဖြတ်စံနှုန်းများ ပါဝင်ပါမည်။ | | |
| **ESS 7 ။ ။ ဌာနေတိုင်းရင်းသားများ/အာဖရိက-ဆာဟာရတောင်ပိုင်းရှိ အစဉ်အဆက် ဖွံ့ဖြိုးရေး အခွင့်အလမ်းနည်းပါးခဲ့သော ဒေသခံ ရိုးရာစလေ့ ကျင့်သုံးသည့် ရပ်ရွာပြည်သူများ** | | |
| အထက်ဖော်ပြပါအပိုဒ် ၁.၂ အရ ဤစံသတ်မှတ်ချက်၏ သက်ဆိုင်ရာရှုထောင့် / ကဏ္ဍများကို သတ်မှတ် ဆောင်ရွက်ရမည်။ | | |
| **ESS 8 ။ ။ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ** | | |
| အထက်ဖော်ပြပါအပိုဒ် ၁.၂အရ ဤစံသတ်မှတ်ချက်၏ သက်ဆိုင်ရာရှုထောင့်/ ကဏ္ဍများကို သတ်မှတ် ဆောင်ရွက်ရမည်။ | | |
| **ESS 9 ။ ။ ဘဏ္ဍာရေးရာ ကြားခံအဖွဲ့အစည်းများ** | | |
| ဤစံသတ်မှတ်ချက်နှင့် ဆက်နွယ်/သက်ဆိုင်ခြင်းမရှိပါ။ | | |
| **ESS 10 ။ ။ နှီးနွယ်ဆက်စပ်သည့် အဖွဲ့အစည်းများ (Stakeholder)များနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ သတင်းအချက်အလက် အသိပေးထုတ်ပြန်မှု** | | |
| ၁၀.၁။ နှီးနွယ်ဆက်စပ်သည့် အဖွဲ့အစည်းများ (Stakeholder) နှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် ။ ။ အဖွဲ့အစည်းမှ သဘောတူလက်ခံနိုင်သည့် နည်းလမ်း အသုံးပြု၍ ESS 10 နှင့်အညီ နှီးနွယ်ဆက်စပ်သည့် အဖွဲ့အစည်းများ Stakeholder များနှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် (SEP) ကို ရေးဆွဲပြင်ဆင်၊ အသိပေး ထုတ်ပြန် သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ | စီမံချက်စတင်အကျိုးသက် ရောက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေပဲ မူကြမ်း SEP ကို ရေးဆွဲ ပြင်ဆင်၍ အသိပေးထုတ်ပြန်ခြင်းနှင့် အချိန်နှင့် တပြေးညီ မွမ်းမံပြင် ဆင်ခြင်း ဆောင်ရွက်ရမည်။ တိုင်းရင်းသား အစုအဖွဲ့များ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ၊ အထူးသဖြင့် တိုင်းရင်းသား ကျန်းမာရေးဝန်ဆောင်မှုဖြည့်ဆည်းသူများနှင့် အကြံပြု ဆွေးနွေးမှုများ လုပ်ဆောင်ရမည် ဖြစ်သော်လည်း အဆိုပါ မွမ်းမံပြင်ဆင်ထားသည့် SEP သည် လူနာလွှဲပြောင်းမှုဆိုင်ရာ သတ်မှတ်ချက်များအပါအဝင် | MOHS/ PIU |

DRAFT

| | | |
|---|---|---|
| | တိုင်းရင်းသား အစုအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်မှု မဟာဗျူဟာကို ထင်ဟပ်မှုရှိရပါမည်။ | |
| ၁၀.၂။ အကျိုးထိခိုက်နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ် ။ ။ အဖွဲ့အစည်းမှ သဘောတူလက်ခံသည့် နည်းလမ်း အသုံးပြု၍ ESS-10 နှင့် အညီ စီမံချက်နှင့် ဆက်နွယ်သည့် အကျိုးထိခိုက်နစ်နာမှုများနှင့် ပူပန်ဖွယ်ကိစ္စရပ်များ တင်ပြတိုင်ကြားမှု လက်ခံရရှိစေရန်နှင့် ဖြေရှင်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် အကျိုးထိခိုက်နစ်နာမှုဆိုင်ရာ အစီအမံများကို အများပြည်သူ သိရှိအသုံးပြုနိုင်စေရန် ဆောင်ရွက်ရမည်။ | စီမံချက်အကောင်အထည်ဖော်ရေး ကာလတလျှောက်လုံးတွင် ဆောင်ရွက်ရန်ဖြစ်သည်။ | MOHS/စီမံချက် စီမံခန့်ခွဲမှုအဖွဲ့ |
| **လုပ်ငန်း စွမ်းဆောင်ရည်ပံ့ပိုးခြင်း (သင်တန်း)** | | |
| လုပ်ငန်းစွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်မှုတစ်ရပ် ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းမှ ရရှိသည့် အချက်အလက်များအပေါ် မူတည်၍ အခြားလိုအပ်ချက်များအပြင် အောက်ပါတို့နှင့် စပ်လျဉ်း၍ ပုဂ္ဂလိက ကဏ္ဍနှင့် EHPs, MOHS မှ ကျန်းမာရေး လုပ်သားများအတွက် သင်တန်းအပါအဝင် သင်တန်းပေးခြင်းနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး အစီအစဉ်များကို ရေးဆွဲရပါမည်။ | စီမံချက်အကောင်အထည်ဖော်ရေး ကာလတလျှောက်လုံးတွင် ဆောင်ရွက်ရန်ဖြစ်သည်။ | MOHS/စီမံချက် စီမံခန့်ခွဲမှုအဖွဲ့ |

DRAFT

| | | |
|---|---|---|
| (၁) ကုသရေး/ဆေးရုံဆေးခန်းစီမံခန့်ခွဲမှု<br>(၂) ကူးစက်ရောဂါ တားဆီးကာကွယ်ရေး နှင့် ထိန်းချုပ်ရေး (IPC)<br>(၃) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု<br>(၄) လူနာလွှဲပြောင်းမှုဆိုင်ရာ လမ်းညွှန်ချက်များ<br>(၅) ဇီဝလုံခြုံရေး<br>(၆) ရောဂါရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း | | |

DRAFT